တောခိုသည်။

၁၉၄၈ ခုနှစ်၊ ဩဂုတ်လ တွင်သရက်မြို့ရှိ ဗမာ့တပ်မတော်တပ်ရင်း (၁) နှင့် မင်္ဂလာဒုံရှိ တပ်ရင်း (၃) တောခိုသည်။ ကရင်လက်နက်ကိုင်များ ဖဆပလ အစိုးရကိုကယ်၍ ကူညီစောင့်ရှောက်ရသည်။ ကျွန်းကလေး တံတား၊ ထောက်ကြံ့၊ လှည်းကူး၊ တွံ့တေး၊ ရန်ကုန် တစ်လျှောက်တွင် KNDO များတပ်ချထားသည်။ ရန်သူ သတင်းစာများ လူမျိုးရေးလှုံ့ဆော်သည်။ ကားဆိပ် အားလုံးတွင်လည်း ရန်ပုံငွေအတင်းတောင်းသည်။

လဲဗီးတပ်ရင်း (၅၀)၊ ၁၉၄၈ ခုနှစ် တွင်အရံ ဖွဲ့စည်းရန်၊ ကရင်ကျေးရွာများကို စတင်ရန်စ၊ လက်နက် စသိမ်းသည်။

၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်၊ စက်တင်ဘာလ (၁) ရက်၊ နေ့များတွင် ကရင်များက မော်လမြိုင်၊ သထုံ၊ ရွှေကျင်၊ ကျောက်ကြီးမြို့များကိုသိမ်း၊ ရန်သူမှ ပြန်လည် စေ့စပ်ညှိနှိုင်း၍ ကရင်များပြန်ပေးသည်။

ကရင်လက်နက်ကိုင် များကို လက်နက်သိမ်းသည်။ ကရင်ခေါင်းဆောင်များကို ဖမ်းဆီးထောင်ချသည်။ ကရင်ရွာများကို စတင်တိုက်ခိုက်ပြီး အချက်အခြာ နေရာအချို့၌ ကားပေါ်တွင် ပါလာသော ကရင်များကို ဆင်းခိုင်းပြီး အစဖျောက်သည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်တွင် ကရင်များ တောင်ငူကိုသိမ်းသည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့တွင် ပုသိမ်ကို သိမ်းရန်တိုက်သည်။ ညီညွတ်မှု မရှိသဖြင့် နောက်ပြန်ဆုတ်ရသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့ည ဖဆပလ တပ်များ ရန်ကုန်အလုံ၊ စမ်းချောင်းရှိ ကရင် ရပ်ကွက်ကို ဝိုင်းဝန်းတိုက်ခိုက်၍ အိမ်အချို့မီးရှို့သည်၊ ကရင်အမျိုးသမီးအချို့ကို မုဒိမ်းကျင့်၍ ပစ္စည်းများ လု



ယူသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့ (KNDO) ကို ရန်သူမှ မတရားအသင်းကြေငြာသည်။


၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့ အင်းစိန် KNDO ဌာနချုပ်ကိုဝိုင်း၍ တိုက်ခိုက်သည်။ တပြည်လုံးရှိ ကရင်များ ပြန်လည်ခုခံတိုက်ခိုက်ရာ လက်နက်ကိုင် တော်လှန်ရေး စတင်ဖြစ်ပေါ်လာသည်။ မတိုက်လျှင် သေမည်ဖြစ်၍ မသေအောင်ပြန်တိုက်ရသည်။ ကြီးမားသည့် အောင်ပွဲများကို ပထမလအနည်းငယ်အတွင်း ဆွတ်ခူးရရှိသည်။








## ကရင်တော်လှန်ရေးနေ့ ဇန်နဝါရီလ (၃၁) ရက်နေ့



ကရင်အမျိုးသားသည် လူမျိုးတစ်မျိုး၏အင်္ဂါရပ်နှင့် ပြည့်စုံပြီး ယခုအခေါ် မြန်မာနိုင်ငံသို့ ပထမဦးဆုံးဝင်ရောက်လာသော လူမျိုးတစ်မျိုး ဖြစ်ကြသည်။ ဗမာများထက် နှစ်ပေါင်းနှစ်ရာကျော် စော၍ဝင်လာသည်။ သို့သော် မွန်၊ ဗမာ ပဒေသရာဇ်၊ ဗမာ လူမျိုးကြီးများ၏ ကျူးကျော်တိုက်ခိုက် ဖိနှိပ်မှုများကြောင့် တိုင်းပြည်ဆုံးရှုံးရသည်။ ဒုတိယကမ္ဘာစစ်မဖြစ်ပွားမီ ကရင်ပြည်အတွက် တိုက်ပွဲ ဝင်သူ များမှာ -

(၁) Mr. SMEATON ၏စာအုပ် The Royal karen of Burma အင်္ဂလိပ်များ ကရင်အမျိုးသားများကို သီးခြား ကရင်ပြည်ထူထောင်ပေးရန်။

(၂) ၁၉၂၃-၂၅ ဒေါက်တာ ဒါမေဖိုးမင်း မှ ဆင်ဖြူတော်နှင့်အတူ ဗြိတိန်နှင့်အမေရိကန်သို့ လှည့်လည်၍ ကရင်များ ကရင်ပြည်ရရှိသင့်ကြောင်း တောင်းသည်။

**(၃)** ၁၉၂၈ ဆာစံစီဖိုး၏ စာအုပ် (Burma of The Karen) တနင်္သာရီတိုင်းကို ကရင်ပြည်အဖြစ် အင်္ဂလိပ်က သတ်မှတ်ပေးရန် တင်ပြသည်။

**(၄)** ၁၉၅၄ ခုနှစ် အိန္ဒိယပြည်ရောက် ကရင်တပ်မှူး (၄၀) သည် အိန္ဒိယပြည်တွင်ရှိစဉ် ဒုတိယ ကမ္ဘာစစ်ကြီးပြီးစအချိန်၌ အင်္ဂလိပ်များထံ ကရင်အမျိုးသားများအတွက် ကရင်ပြည်ပေးရန် တင်ပြတောင်းဆိုသည်။ အင်္ဂလိပ်များ မြန်မာပြည်သို့ ပြန်ဝင်သည့်အချိန်မှစ၍ (စစ်ကြီးမပြီးသေး) ကရင်ခေါင်းဆောင်များသည် ကရင်ပြည်အတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့လေသည်။

**ပထမဆုံး အစည်းအဝေး-**

ရန်ကုန် **၁၉၅၄ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့မှ ဇူလိုင်လ (၅) ရက်နေ့**တွင် ဂျပန်ခေတ်မှ ဖွဲ့စည်းခဲ့သည့် (K.C.O) ကို ပြန်လည်ဖွဲ့စည်းခြင်း၊ ယခုကဲ့သို့ ကရင်ပြည်အတွက် ပြင်းပြသော ဆန္ဒများကို ဒုတိယ ကမ္ဘာစစ်ကာလအလွန် ခါးသီးနာကျည်းဖွယ် ခံစားချက် များနှင့် အတ္တလန်တိတ်စာချုပ်အရ လူမျိုးတိုင်း ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရေး မူတရပ်။

**ဒုတိယ အစည်းအဝေး-**

**၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်မှ (၅) ရက်နေ့**အထိ ရှိသမျှသော ကရင်အမျိုးသားများ အဖွဲ့အစည်းအားလုံးခေါ်ပြီးကရင်အမျိုးသားရေးလှုပ်ရှားမှုတွင် တစု တစည်းတည်း တိုက်ပွဲဝင်နိုင်ရန် အဖွဲ့အစည်းအားလုံး စုစည်းဖို့ဖြစ်သည်။ ထို့ကြောင့် KNU ကိုဖွဲ့စည်းပြီး KNU ခေါင်းဆောင်များကို ရွေးကောက် သည်။ (စောစံဖိုးသင်၊ ဦးလှဖေ၊ ဆရာသာထို၊ မန်းကျိမ်းစ်၊ မန်းဘခင်၊ စောဘဦးကြီး၊ စောသာဒင် တို့ဖြစ်ကြသည်။)

အောင်ဆန်း-အက်တလီစာချုပ်ကို လက်မခံဘဲ ဗြိတိသျှအစိုးရထံ ကရင်အမျိုးသားများ၏ လိုလားချက်များကိုပို့သည်။ အင်္ဂလိပ်အစိုးရက မတ်လ (၃၁) ရက်နေ့ နောက်ဆုံးသဘောထား ပြန်ပေးရန်၊ သဘောထားပြန်မပေးက လက်မခံနိုင်က တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို သပိတ်မှောက်မည်။ ကရင်ပြည်မူအရလက်ခံရန်၊ ဤသဘော ထားများ လက်ခံမနိုင်က စောဘဦးကြီး ရာထူးမှ နုတ်ထွက် မည်ဖြစ်ပြီး၊ အင်္ဂလိပ်အစိုးရထံမှ ကျေနပ်သော ပြန်ကြားချက်မရ ၍ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ကရင်တစ်မျိုးသားလုံး အောင်မြင်စွာ သပိတ်မှောက်သည်။



**၁၉၄၇ ခုနှစ် ဧပြီလ (၄)** ရက်နေ့ KNU အလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးခေါ်သည်။ အစည်းအဝေးတွင် မန်းဘခိုင်၊ မန်းဝင်းမောင်၊ စောကျော်စိန်၊ စောအောင်ဘ စသည့် KYO ခေါင်းဆောင် များ ထွက်သွားသည်။ စောစံဖိုးသင်လည်း လိုက်ပါသွားသည်။

**၁၉၄၇ ခုနှစ် ဧပြီလ (၁၀)** ရက်နေ့တွင် KNU ပြန်လည်ဖွဲ့စည်းသည်။ စောဘဦးကြီး၊ မန်းစောဘု၊ ဆရာသာထို၊ မန်းကျိမ်းစ်၊ မန်းဘခင်၊ စောသာဒင်၊ စောဟံသာ၊ စကောမောလေး၊ စောအောင်ဝင်း၊ စောစံကေး၊ ဦးဇံ၊ စောဘဲလေး၊ မန်းဘဇံ၊ မစ္စလူနီ တို့ပါဝင်သည်။

**၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၆)** ရက်နေ့တွင် KNDO ကိုဖွဲ့စည်းသည်။

**၁၉၄၇ ခုနှစ် အောက်တိုဘာလ (၁၀)** ရက်နေ့ မော်လမြိုင်ကွန်ဂရက်တွင် ကိုယ်စားလှယ် (၇၀၀) ကျော်တက်သည်။ မွန်ခေါင်းဆောင်များ ပါဝင်သည်။ မြန်မာပြည်လွှတ်တော်တွင် ကရင်အမတ် အစစ်အမှန် မပါသဖြင့် လွှတ်တော်မှ ပြဌာန်းသည့် ဥပဒေများကို ကရင်များ လက်မခံ၊ ကရင်ပြည်အရေးကို ကမ္ဘာ့ကုလသမဂ္ဂသို့ တင်ပြရန်၊ ကရင်ပြည်နယ် အကျယ်အဝန်းကို သတ်မှတ်သည်။

ကရင်ပြည်နယ်သည် တနင်္သာရီတိုင်း တစ်တိုင်းလုံး၊ ဧရာဝတီတစ်တိုင်းလုံး၊ အင်းစိန်နှင့် ဟံသာဝတီခရိုင်၊ ညောင်လေးပင် ဆပ်ဒီဗီဇံ (နောက်တွင် ပျဉ်းမနားတောင်တန်းဒေသ ပါဝင်သည်။)

ကရင် နှင့် မွန်ခေါင်းဆောင်များ စည်းလုံးညီညွတ်ရေးနှင့် ကရင်ပြည်၊ မွန်ပြည်အတွက် လက်တွဲတိုက်ပွဲဝင် ကြရန်၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ မြန်မာပြည် လွတ်လပ်ရေးနေ့ကို ကရင်ပြည်မှ လက်မခံ၍ ကရင်လွတ်လပ်ရေးနေ့ကို ဇန်နဝါရီလ (၅) ရက်နေ့တွင် ကျင်းပသည်။

**၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁)** ရက်နေ့ ကရင်အမျိုးသားလူထုဆန္ဒပြပွဲ

**၁၉၄၈ ခုနှစ် မတ်လ (၂၀)** ရက်နေ့ ဗကပ (ဗမာပြည်ကွန်မြူနစ်ပါတီ) တောခိုသည်။

**၁၉၄၈ ခုနှစ်၊ ဇွန်လ (၁၃)** ရက်နေ့ ဦးနု မူ (၁၅) ချက်အပေါ် ဖဆပလ နှင့် ပြည်သူ့ရဲဘော် (P.C.P) သဘောထားကွဲလွဲပြီး (P.C.P) ပြည်သူ့ရဲဘော်အဖွဲ့